ဖျောက်ဆိတ်ကုန်းကျေးရွာ

တောင်တွင်းကြီးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖျောက်ဆိတ်ကုန်းကျေးရွာ ၊ တောင်တွင်းကြီးမြို့နယ်

(စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ် ၊ မေ လ

မာတိကာ

စာမျက်နှာ

စကားချီ ၁

တောင်တွင်းကြီးမြို့နယ်၊ **ဖျောက်ဆိတ်ကုန်း** ကျေးရွာအရင်းအမြစ်ပြမြေပုံ ၂

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် ၃

(၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၃

၁။ တည်နေရာနှင့် ပထဝီအနေအထား ၅

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၅

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၅

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၅

(ခ) စီပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၆

(ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ ၆

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ၇

(င) ပညာရေး ၇

(စ) ကျန်းမာရေး ၇

(ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၇

(ဇ) ကျား/မ ရေးရာ ၈

၄။ ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ ၉

၅။ ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ ၁၀

၆။ ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ ၁၁

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၁၁

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား ၁၂

ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခ နှုန်းထား ၁၆

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၁၇

ဇယား (၅) ဓာတ်သတ္တု နှင့် အခြားသဘာဝရင်းမြစ်များ ၁၈

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ ၁၉

ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ ၂၀

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ ၂၁

ဇယား (၉)	ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ	၂၂
ဇယား (၁၀)	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	၂၃
ဇယား (၁၁)	ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ	၂၄
ဇယား (၁၂)	ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ	၂၆
ဇယား (၁၃)	ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု	၂၇
ဇယား (၁၄)	ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ	၂၈
ဇယား (၁၅)	အဓိကသီးနှံများနှင့် အထွက်နှုန်း	၂၉
ဇယား (၁၆)	ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု	၃၀
ဇယား (၁၇)	သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ	၃၁
ဇယား (၁၈)	သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ	၃၂
ဇယား (၁၉)	မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ	၃၃
ဇယား (၂၀)	မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ	၃၄
ဇယား (၂၁)	မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ	၃၆
ဇယား (၂၂)	စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ	၃၈
ဇယား (၂၃)	စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ	၃၉
ဇယား (၂၄)	ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ	၄၁
ဇယား (၂၅)	ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း	၄၂
ဇယား (၂၆)	ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ	၄၂
ဇယား (၂၇)	ကုန်စည်နှင့်ဝန်ဆောင်မှု ၊ စျေးကွက် လက်လှမ်းမီမှုအခြေအနေ	၄၃
ဇယား (၂၈)	ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း	၄၄
ဇယား (၂၉)	သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ	၄၆
ဇယား (၃၀)	မူလတန်း ၊ အလယ်တန်း ၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း	၄၇
ဇယား (၃၁)	ကျောင်းတက်နှုန်း	၄၈
ဇယား (၃၂)	စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ	၄၉
ဇယား (၃၃)	ပညာရေးအခက်အခဲနှင့်ပြဿနာများ	၅၀
ဇယား (၃၄)	အဖြစ်များသော ရောဂါများ	၅၁

ဇယား (၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ၅၂
ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ ၅၃
ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု ၅၄
ဇယား (၃၈) အိမ်သာ အမျိုးအစား ၅၆
ဇယား (၃၉) ကျား – မ ရေးရာ ၅၇
ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ ၅၈
ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ ၅၉
ဇယား (၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး ၆၀
ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ ၆၁
ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ ၆၁
ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ ၆၂
ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ ၆၃
ဇယား (၄၇) ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများ လက်လှမ်းမီမှု ၆၄
ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ ၆၅
၇။ ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ ၆၆
ကိုးကားစာရင်း ၇၁

စကားချီ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ **ဖျောက်ဆိတ်ကုန်း** ကျေးရွာသူ/သားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဆုံး စတင်ရေးဆွဲသောအစီအစဉ် ဖြစ်ပါသည်။စီမံကိန်းဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း ၊ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ အားလုံး ကျေးဇူးတင်ရှိပါသည်။

ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိရပ်ဖများနှင့်သာ ရေးဆွဲတိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစား ပေါင်းစုံ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ယခုအခါ ထိုသို့ ကျေးရွာ လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကိုသိရှိခဲ့ရပါသည်။နောင်တွင် မည်သည့်ကိစ္စရပ် တိုင်ပင်ဆွေးနွေးမှုများတွင် မဆို လူထုပူးပေါင်းပါဝင်နိုင်ရေး အလေးထား ဆောင်ရွက်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍအစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိလာသော အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ် သိရှိနိုင်မည် ဖြစ်ပါသည်။ထိုသို့ မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့်သင့်လျော်သော အဖွဲ့အစည်းများ ၊ ဦးစီးဌာနများထံ တင်ပြတောင်းခံ နိုင်မည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်းသည် စာရင်းဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော **ဖျောက်ဆိတ်ကုန်း** ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းစာအုပ်အား စီမံကိန်းကာလအတွင်းသာ အသုံးပြုခြင်း မဟုတ်ဘဲ ပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင် ဖြည့်စွက်၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဖျောက်ဆိတ်ကုန်းကျေးရွာ
တောင်တွင်းကြီးမြို့နယ်

တောင်တွင်းကြီးမြို့နယ် ၊ ဖျောက်ဆိတ်ကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ



ရည်ညွှန်း - တောင်တွင်းကြီးမြို့နယ် ၊ ညာဂမိုးကျေးရွာအုပ်စု ၊ ဖျောက်ဆိတ်ကုန်းကျေးရွာ တွင် ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင်ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

(၁) **နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) **ရည်ရွယ်ချက်**

ဖျောက်ဆိတ်ကုန်းကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံး သပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ရေးဆွဲရေး အတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သော ကိန်းဂဏန်း ၊ သတင်းအချက်အလက်များ ရယူရန်နှင့်ကျွန်တော်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသော ပြဿနာများ ၊ ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့်အဟန့်အတား ဖြစ်စေသော အချက်များ ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်တော်တို့အနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ ၊ ပုဂ္ဂလိက ကဏ္ဍ ၊ ဘဏ်များ ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကိုသိရှိစေရန် မျှော်လင့်ပါသည်။

(ခ) **နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်တော်တို့၏ အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့် ၊ ခရိုင်အဆင့် ၊ တိုင်းအဆင့် ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ပုဂ္ဂလိက အဖွဲ့အစည်း

များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ လိုလားချက်များ ၊ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာ အထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်း ကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်ပါ သည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာ ချေးငွေအဖွဲ့အစည်းများ ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့ အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါ သည်။

(၈) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ကိုယ်တိုင် တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ယခုအခါ ယင်းကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

၁။ **တည်နေရာနှင့် ပထဝီအနေအထား**

ဖျောက်ဆိတ်ကုန်းကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မကွေးခရိုင် ၊ တောင်တွင်းကြီး မြို့၏ အရှေ့တောင်ဘက်(၈)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ရန်ကုန် – ပြည် မော်တော်ကား လမ်းဘေးတွင် တည်ရှိပါသည်။ရွာ၏အလယ်တွင် ရန်ကုန်နှင့် ပုဂံတို့ ဆက်သွယ်ထားသည့် မီးရထား လမ်းလည်းရှိပါသည်။ဌင်းကျေးရွာသည် ပထဝီအနေအထားအရ မြောက်လတ္တီကျွှ် (၂၀) ဒီဂရီ နှင့် အရှေ့လောင်ဂျီကျွှ် (၉၅) ဒီဂရီ (၅၅) မိနစ် ကြားတွင် တည်ရှိပါ သည်။ အမြင့်ဆုံး အပူချိန်မှာ ဧပြီလ တွင် (၄၈) ဒီဂရီစင်တီဂရိတ် နှင့် အနိမ့်ဆုံး အပူချိန်မှာ ဇန်နဝါရီလတွင် (၁၀) ဒီဂရီ စင်တီဂရိတ် ဖြစ်ပါသည်။ ပင်လယ်ရေ မျက်နှာပြင် အထက် (၄၀၀)ပေအမြင့်တွင် တည်ရှိပါသည်။မိုးအများဆုံး ရွာသောလမှာ ဇူလိုင် နှင့်သြဂုတ်လ ဖြစ်ပါသည်။

၂။ **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

ကျေးရွာသည် နှစ်စဉ်မိုးရေချိန် (၄၂)လက်မခန့် ရွာသွန်းပြီး သဘာဝ ပေါက်ပင် များမှာ မန်ကျည်းပင် ၊ ဥသျစ်ပင် ၊ ကုက္ကိုပင် ၊ ညောင်ပင် ၊ ဇီးပင် နှင့် သီးပင် စသော အပင်များ ပေါက်လေ့ရှိပါသည်။မိုးရာသီတွင် စပါး ၊ နှမ်း စသည့် သီးနှံများကို စိုက်ပျိုးကြပြီး မိုးနှောင်း ကာလ များတွင် ဆောင်းသီးနှံအဖြစ် မတ်ပဲ ၊ ကုလားပဲ နှင့် ပဲကြီးစသည့် ပဲအမျိုးမျိုးကို ထွန်ယက် စိုက်ပျိုး ကြပါသည်။ဆောင်းသီးနှံ နှစ်ပတ်လည်ကြံများလည်း စိုက်ပျိုးကြသည်။စပါးစိုက်ပျိုးနိုင်သည့် လယ်မြေ (၃၉၃) ဧကခန့်ရှိပါသည်။ယာသီးနှံများ စိုက်ပျိုးနိုင်သည့် ဧက (၁၄၃) ဧက ရှိပါသည်။

၃။ **ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေ**

(က) **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ဖျောက်ဆိတ်ကုန်းကျေးရွာတွင် ရွာဦးစေတီ နှင့် ရွာဦးဘုန်းတော်ကြီးကျောင်း ရှိပါသည်။ဘာသာ ၊ သာသနာ ထွန်းကားရန် အလို့ငှာ ရွာဦးကျောင်းထိုင်ဆရာတော်မှာ ဓမ္မစကူးလ် ကျောင်း ဖွင့်လှစ်သင်ကြားပေးပါသည်။လူတိုင်းကျန်းမာရေးလွယ်ကူစွာ စောင့်ရှောက်မှု ရရှိရန် အတွက် ဆေးပေးခန်းလည်း အချိန်ပြည့် ဖွင့်လှစ်ပေးထားပါသည်။သဘာဝဘေးအန္တရာယ် ကျရောက်ပါက ဝိုင်းဝန်း ကူညီဆောင်ရွက်နိုင်ရန်အတွက် အရန်မီးသတ်တပ်ဖွဲ့များလည်းရှိပါသည်။ နာရေးကိစ္စများအတွက်လည်း နာရေးကူညီမှု အသင်းလည်း ဖွဲ့စည်းထားပါသည်။လျှပ်စစ်မီး အဆင်ပြေ ချောမွေ့စေရန်အတွက် လျှပ်စစ်ကော်မတီအဖွဲ့များလည်း ရှိပါသည်။

(ခ) **စီးပွားရေးနှင့် အသက်မွေးမြူမှုအခြေအနေ**

ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ အဓိကသီးနှံဖြစ်သော ကြံကို ဆောင်းရာသီတွင် စိုက်ပျိုးကြပါသည်။လယ်ကွက်များတွင် မိုးတွင်းကာလများ၌ စပါးသီးနှံကို စိုက်ပျိုးကြသည်။ယာမြေများပေါ်တွင် နှမ်း ၊ လယ်မြေများပေါ်တွင် စပါးသီးနှံသိမ်းပြီးချိန်တွင် မတ်ပဲ ၊ ပဲအမျိုးမျိုးကို စိုက်ပျိုးကြပါသည်။စိုက်ပျိုးမြေကော (၅၃၆) ဧကခန့်ရှိပါသည်။ကြံသီးနှံ (၁)ဧကလျှင် တန် (၂၁)တန်မှ တန်(၃၀)ထိ ထွက်ရှိပါသည်။အထွက်သီးနှံမှာလည်း (၁)ဧကလျှင် တင်း (၅၀)မှ (၇၅)ထိ ထွက်ရှိပါသည်။ကျေးရွာ၏ နှစ်စဉ်သီးနှံထွက်ရှိမှုမှာ ကြံတန်ချိန် (၇၀၀) စပါးတင်း (၁၀၀၀၀) ၊ နှမ်း (၅၀၀)တင်း နှင့် ပဲမျိုးစုံ တင်း (၂၀၀၀) ခန့် ရှိပါသည်။

အခြားသော စီးပွားရေးလုပ်ငန်းများအဖြစ် မွေးမြူရေး ၊ ပို့ဆောင်ရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ထို့အပြင် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသူများ ၊ ဈေးသည်များ ယာဉ်မောင်းလုပ်ငန်းများ လုပ်ကိုင်ကြသူများလည်း ရှိပါသည်။ပန်းရံလုပ်ငန်း လုပ်ကိုင်ကြသော မိသားစုများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းများ ရရှိပါက ကျေးရွာ၏ လူမှုစီးပွားရေး ဘဝ အခြေအနေများ ပိုမိုတိုးတက်လာကြမည်ဖြစ်ပါသည်။

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ဖျောက်ဆိတ်ကုန်းကျေးရွာတွင် မူလတန်းကျောင်း (၁)ကျောင်း ရှိပြီး ဆရာ/ဆရာမ (၅)ဦး တာဝန်ထမ်းဆောင်နေပါသည်။ မူလတန်းကျောင်းတွင် ပညာသင်ယူသူများအနေဖြင့် ရွာမှ (၁)မိုင်ခန့်ကွာဝေးသော အမှတ်(၈၁) အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ပညာဆက်လက် သင်ယူကြရပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ကျေးရွာဆေးပေးခန်းမှ ဆရာမများက ကာကွယ်ဆေးများထိုးခြင်း ၊ တိုက်ကျွေးခြင်း ၊ အစာအာဟာရ မှတ်တမ်းများယူခြင်းတို့ကို ဆောင်ရွက်ပေးနေပါသည်။ကျေးရွာတွင် လမ်းများသည် မြေသားလမ်းများဖြစ်သည့်အတွက် မိုးရာသီတွင် ရွံ့ဗွက်များ ထူထပ်၍ သွားလာရန် အခက်အခဲများရှိပါသည်။သို့ဖြစ်ပါ၍ ကျေးရွာတွင်း လမ်းများအား ကွန်ကရစ်ခင်းလိုခြင်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမ ဦးစားပေး စီမံချက်ဖြစ်ပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

ဖျောက်ဆိတ်ကုန်းကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေများကို မိုးစပါး စိုက်ပျိုးနိုင်ရန်အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ (၁)ဧကလျှင်(၁၅၀၀၀၀)ကျပ်နှင့်ယာမြေများ အတွက်(၁)ဧကလျှင် (၅၀၀၀၀) ကျပ် ထုတ်ချေးပါသည်။အခြားအသေးစားချေးငွေ ဝန်ဆောင်မှုများလည်းရှိပါသည်။ သို့ဖြစ်ပါသောကြောင့် အခြားအသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင်ရန် လိုအပ်ပါသည်။

(င) **ပညာရေး**

ကျေးရွာတွင် စာမတတ်သူဦးရေ မရှိသလောက် ရှားပါးသည်။ပညာရေး အဆင့်တန်းမှာ အလယ်အလတ်အဆင့်တွင်ရှိပြီး အများစုမှာ အရေးအဖတ် တတ်မြောက်ကြပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ကျောင်းသား/သူဦးရေ (၆၂)ဦးခန့် တက်ရောက် ပညာ သင်ယူလျက်ရှိပါသည်။ကျေးရွာတွင် ဗဟုသုတများ တိုးပွားနိုင်စေရန်အတွက် စာပေရိပ်သာ စာကြည့်တိုက်လည်း ဆောက်လုပ် ဖွင့်လှစ်ထားပါသည်။လူငယ်လူရွယ် အချို့အတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်ရန် လိုအပ်လျက်ရှိပါသည်။

(စ) **ကျန်းမာရေး**

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပါသည်။ဆရာမများနှင့်ရွာရှိ လူငယ်မောင်မယ်များမှ ကျေးရွာတွင်းရှိ အိမ်များသို့ (၁)လတစ်ခါ ကျန်းမာရေးစစ်ဆေးကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ကလေးငယ်များ ၊ ကိုယ်ဝန်ဆောင်မိခင်များကို ကာကွယ်ဆေးထိုးခြင်း ၊ တိုက်ကျွေးခြင်း ၊ အာဟာရဆေးဝါးများ တိုက်ကျွေးခြင်းကို ကျေးလက် ကျန်းမာရေးဆရာမများမှ ဆောင်းရွက်ပေးလျက်ရှိပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာ လယ်မြေများသည် နှစ်စဉ် စပါးစိုက်ပျိုးခြင်း ၊ သီးထပ်သီးနှံ စိုက်ပျိုးခြင်းတို့အတွက် ဓာတုဗေဒ ကွန်ပေါင်းဓါတ်မြေဩာ အသုံးပြုခြင်း ၊ သဘာဝမြေဆွေးဓါတ်မြေဩာများနှစ်စဉ် မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက် ပျက်ယွင်းမှုများ ကြုံတွေ့ရသည်။ စိုက်ခင်းများတွင် ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ရှိပါသည်။ ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့စေရန်အတွက် ဘေးကင်းလုံခြုံမှုရရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းအတွက် အားနည်းသေးကြောင်း

တွေ့ရှိရပါသည်။ထို့ကြောင့် ကျေးရွာ၏ စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းကို တောင်သူများအား သိပ္ပံနည်းကျ စိုက်ပျိုးနိုင်မည့် နည်းစနစ်များ ၊ ဓာတုမြေဩဇာများနှင့် ပိုးသတ်ဆေးများ သုံးစွဲနည်းကို လက်တွေ့သင်တန်းပို့ချ၍ နည်းပညာများ ဖြန့်ဝေကြရမည် ဖြစ်ပါသည်။သဘာဝ ပတ်ဝန်းကျင် စိမ်းလန်းစိုပြေနိုင်စေရန်အတွက် နှစ်ရှည်ပင်များကို စိုက်ပျိုးပြုစု ထိန်းသိမ်းရန် လိုအပ် နေပြီးဖြစ်ပါသည်။ထို့အတူ စိုက်ပျိုးပြီးဖြစ်သည့် နှစ်ရှည်ပင်များကို ထိန်းသိမ်း စောင့်ရှောက် ကြရမည် ဖြစ်သည်။

(၉) **ကျား/မ ရေးရာ**

ကျား/မဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသား များက ဦးဆောင်လေ့ရှိပါသည်။အမျိုးသမီးများသည်လည်း ကျေးရွာ၏ ဘာသာရေး ၊ လူမှုရေး တို့တွင် ပါဝင်လုပ်ဆောင်ကြပါသည်။ဘာသာရေး အထိမ်းအမှတ်ရိုးရာ ယဉ်ကျေးမှုပွဲတော်များ ဖြစ်သည့် ရှင်ပြု အလှူပွဲများ ကျင်းပခြင်း ၊ ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် တရားစခန်းပွဲများ ကျင်းပကြပြီး အမျိုးသမီးများသည် အမျိုးသားများနှင့်ပူးပေါင်း ဆောင်ရွက် ကြပါသည်။ဒေသတွင်း အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေး ကြောင်းတွေ့ရှိရပါသည်။မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ် ပညာရေး အထိ ကျား/မတန်းတူ အခွင့်အရေး ရှိပါသည်။

တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန
ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးစီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စု	ကျေးရွာအမည်	စီမံချက်အမည်	ဦးစားပေးအဆင့်	မှတ်ချက်
၁	ညာဂမိုး	ဖျောက်ဆိတ်ကုန်း	ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁	
၂			မီးသတ်ကားရရှိရေး	၂	
၃			လယ်ရေသွင်းမြောင်းတူးဖော်ခြင်း	၃	
၄			စာသင်ကျောင်းခြံစည်းရိုးရရှိခြင်း	၄	
၅			ကွန်ကရစ်တံတားပြုလုပ်ခြင်း	၅	
၆			လယ်ယာသုံးစက်ယန္တရားရရှိခြင်း	၆	
၇			အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ခြင်း	၇	
၈			အတိုးနှုန်းသက်သာသည့်ချေးငွေရရှိခြင်း	၈	
၉			မြွေအန္တရာယ်ရှေးဦးသူနာပြုပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း	၉	

တောင်တွင်းကြီးမြို့နယ် ၊ ဖျောက်ဆိတ်ကုန်း ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ

စဉ်	လုပ်ငန်းအမည်	အဆင့်	၂၀၁၉ - ၂၀၂၀	၂၀၂၀ - ၂၀၂၁	၂၀၂၁ - ၂၀၂၂	၂၀၂၂ - ၂၀၂၃	၂၀၂၃ - ၂၀၂၄
၁	ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁	√				
၂	မီးသတ်ကားရရှိရေး	၂		√			
၃	လယ်ရေသွင်းမြောင်းတူးဖော်ခြင်း	၃		√			
၄	စာသင်ကျောင်းခြံစည်းရိုးရရှိခြင်း	၄		√			
၅	ကွန်ကရစ်တံတားပြုလုပ်ခြင်း	၅			√		
၆	လယ်ယာသုံးစက်ယန္တရားရရှိခြင်း	၆				√	
၇	အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ခြင်း	၇					√
၈	အတိုးနှုန်းသက်သာသည့်ချေးငွေရရှိခြင်း	၈					√
၉	မြွေအန္တရာယ်ရှေးဦးသူနာပြုပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း	၉			√		

နောက်ဆက်တွဲ (ခ)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၆	၁၃
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၂၀	၂၆	၄၆
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၃	၂၇	၅၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၂	၂၅	၅၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၇၈	၃၃၁	၆၀၉
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁၇	၂၂	၃၉
စုစုပေါင်း		**၃၇၇**	**၄၃၇**	**၈၁၄**
စုစုပေါင်း အိမ်ထောင်စု		**၁၉၉**		

ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူဦးရေ (၈၁၄) ဦး ရှိပြီး ၊ ကျား(၂၇၇) နှင့် မ (၄၃၇) ဦး တို့ရှိပါသည်။ကျောင်းနေအရွယ်ဦးရေမှာ ကျေးရွာလူဦးရေ၏ (၁၈%) ရှိသောကြောင့် ကျေးရွာ၏ ပညာရေးအခြေအနေမှာ အတော်အသင့်ရှိပါသည်။အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိ အမျိုးသား အမျိုးသမီးဦးရေသည် ကျေးရွာ၏ သုံးပုံတစ်ပုံခန့်ရှိ်သော်လည်း ကျေးရွာ၏ စီးပွားရေးအခြေအနေ မကောင်းမွန်ခြင်းသည် အမျိုးသားများ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် ဖြစ်ပါသည်။ထို့ကြောင့် မိသားစုဝင်ငွေရရှိရန်အတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးမည် ဆိုပါက အဆင်ပြေမည်ဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွားလုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၁၂၇	၂၄၂	၇၅	မြင့်□လတ် √ နိမ့်□
	အလုပ်သမား/ဝန်ထမ်း	၅၂	၁၀၉	၂၂	မြင့်□လတ်√ နိမ့်□
၂	**တိရစ္ဆာန်မွေးမြူရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၂	၂	၂၆	မြင့်□လတ်√ နိမ့်□
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း ၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□

	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	၃	၃	၃	မြင့်✓လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊စက်ကိရိယာနှင့်တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်□လတ်✓နိမ့်□
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	၄	မြင့်□လတ်□နိမ့်✓
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၆	၆	၃	မြင့်□လတ်✓နိမ့်□
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	**အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၃	**ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၂	၂	–	မြင့်√လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	၃	၃	၃	မြင့်□လတ်√နိမ့်□
၁၄	**ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ယာဉ်၊စက်ကိရိယာ၊ရောင်းဝယ်ရေးငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	၂	၅	–	မြင့်√လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	၂	၆	–	မြင့်√လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေးလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့်အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	မြင့်□လတ် □နိမ့်□
	အလုပ်သမား/ကျပန်း/ရာသီ အလိုက်အလုပ်သမား	-	-	-	☒
၂၁	**ပြင်ပအဖွဲ့.အစည်းများနှင့်ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်✓
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်✓
	စုစုပေါင်း	**၁၉၉**	**၃၇၈**	**၁၁၁**	

ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် စိုက်ပျိုးရေး ၊ မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးကြပါသည်။ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်သူများအဖြစ်ရပ်တည်နိုင်မှုမှာ အလယ်အလတ် အဆင့်သာ ရှိပါသည်။ရာသီဥတု ကောင်းမွန်မှသာလျှင် အလယ်အလတ်ရှိခြင်းဖြစ်ပြီး ရာသီဥတုမကောင်း၍ မိုးခေါင်လျှင် အရှုံးပေါ်ကြသည်။တောင်သူများနှင့် အလုပ်သမားများမှာ စိုက်ပျိုးရေးလုပ်ငန်းအပေါ် အဓိကထား မှီခိုနေရပြီး သီးနှံစျေးနှုန်းမကောင်းလျှင် တောင်သူများအရှုံးပေါ်ကြသည်။လယ်ပိုင်ယာပိုင် မရှိသူများသည် မွေးမြူရေးနှင့်ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြသည်။မွေးမြူရေး လုပ်ငန်း၏ ရပ်တည်နိုင်မှုမှာ အသင့်အတင့် ရှိပါကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၂၀၀၀	၁၁၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၈၀၀၀	၆၀၀၀	၅၀၀၀	၄၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ် ရေးနှင့်သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၃၀၀၀	၇၀၀၀	၈၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၁၀၀၀၀	၅၀၀၀	၇၀၀၀	၄၀၀၀
၈	လက်လီ-လက်ကားရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၄၀၀၀	၅၀၀၀	၄၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၈၀၀၀	၆၀၀၀	၅၀၀၀	၄၀၀၀
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ်-- ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု ၊ အမျိုးသမီး အုပ်စု ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် လယ်ယာစိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်းများတွင် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေသည် အနည်းဆုံး (၄၀၀၀) ကျပ် ၊ အများဆုံး (၈၀၀၀)ကျပ် ထိရရှိပါသည်။ဆောက်လုပ်ရေး ၊ လက်သမား ၊ ပန်းရံ လုပ်ငန်းနှင့်အခြား ကျွမ်းကျင် လုပ်ငန်းများသည် နေ့စဉ် ဝင်ငွေ မရှိသလို ဝင်ငွေများလည်း ပုံမှန်မရှိပါကြောင်း လေ့လာ တွေ့ရှိရ ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၉၃	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၄၃	ကောင်း ☐	သင့်✓	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၅၃၆**	☒		

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ၊ (၄) ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ တည်ရှိပုံ အနေအထားအရ ကျေးရွာတွင် စိုက်ပျိုးမြေ ပိုင်ဆိုင်မှုသည် လယ်မြေများပြီး ယာမြေနည်းပါးပါသည်။ဥ ယျာဉ်ခြံမြေအဖြစ် စိုက်ပျိုးသူများ မရှိပါ။ လယ်မြေများသည် ရာသီဥ တုမှန်၍ မိုးကောင်းလျှင် စပါး ၊ နှမ်း ၊ ပဲသီးများ စိုက်ပျိုး၍ ရသော်လည်း မိုးခေါင်လျှင် မည်သည့် သီးနှံမျှ မရရှိသော မိုးကောင်းသောက်လယ်မြေများဖြစ်ကြောင်း တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ □ သင့်□ နည်း □မရှိ √	လွယ် □ ခက်□အသုံးမပြုနိုင်ပါ√
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ □ သင့်□ နည်း √ မရှိ□	လွယ် □ခက်√အသုံးမပြုနိုင်ပါ□
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ □ သင့် √ နည်း □ မရှိ□	လွယ် √ ခက်□ အသုံးမပြုနိုင်ပါ□
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ □ သင့်□ နည်း □ မရှိ √	☒

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိရပ်ဖ အုပ်စု ၊ သစ်တောဦးစီးဌာန ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ နှင့် အနီးပတ်ဝန်းကျင်တွင် သတ္တု နှင့် အခြားတွင်းထွက်သယံဇာတများ လုံးဝမရှိသော်လည်း အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။သဲအတွက်ဆိုလျှင် ရွာနှင့် (၆)မိုင်ခန့် ကွာဝေးသည့် ဝက္ကသေးချောင်းအတွင်းမှ ရရှိနိုင်ပါသည်။ကျွဲ ၊ နွား များအတွက် သဘာဝဆေးဖက်ဝင် အပင်အဖြစ် ဆင်တုံးမန္ဒယ်ပင်များရှိပါသည်။

(ဃ)　　ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ် အလတ်ရှိသော အိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည် သော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	၁၀၈က	၈ ၈က	၅ ၈က	မြေမဲ့ယာမဲ့
အိမ်အခြေအနေ	တိုက်ခံအိမ်	၄ပင်အိမ် ပျဉ်ထောင် သွပ်မိုး	၄ပင်အိမ် တရံကာ သွပ်မိုး	သုံပင်/သွပ်မိုး ထရံကာ/မြေစိုက်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက် နွား (၂)ရှည်း	ကွန်ဒေါင်း နွား(၂)ကောင်	နွား(၂)ကောင်	-
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူ အရောင်းအဝယ်	တောင်သူ	တောင်သူ ကျပန်း	ကျပန်း
အိမ်ထောင်စု	**၁၆**	**၇၁**	**၉၄**	**၁၈**

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။　　။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၁၆)စု ခန့်ရှိပြီး ၊ မပြေလည်သည့် အိမ်ထောင်စုများပါသည်။အိမ်ထောင်စုများသည် အဓိကမပြေလည်ရခြင်းမှာ နေ့စဉ် ဝင်ငွေမရှိခြင်းကြောင့်ဖြစ်ပြီး နေ့စဉ်ဝင်ငွေရရှိရန် အလုပ်အကိုင်နှင့် အခွင့်အလမ်းများ လိုအပ်လျက် ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	**အိမ်ထောင်စု အရေအတွက်**	**ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ =_____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်-ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	**ကျား**	**မ**	**ပေါင်း**
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	–	–	–
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	–	–	–
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	–		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	–		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	–		

ရင်းမြစ်–ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိ ရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုများ ၊ မသန်စွမ်းသည့် ပုဂ္ဂိုလ်များ မိသားစုများ မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄–၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ√
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေဖိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်√	မရှိ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ√
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်√	မရှိ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်√	မရှိ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ√
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ√
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ√
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ√
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ√
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်√	မရှိ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်√	မရှိ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်√	မရှိ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ√
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ√
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်√	မရှိ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ√
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ√

ရင်းမြစ်–ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိ ရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အများအားဖြင့် စားနပ်ရိက္ခာဖူလုံမှုသည် မရှိသလောက် ရှားပါးပါသည်။ရေကြီးခြင်း ၊ မိုးခေါင်ခြင်း များဖြစ်ပေါ်လျှင် ထိခိုက်မှုဖြစ်နိုင်ပါသည်။ ငှက်ဖျား ၊ တီဘီ ကိုယ်ခံအားကျဆင်းမှုကူးစက်ရောဂါ ၊ တိရစ္ဆာန်ကူးစက်ရောဂါ နှင့် သစ်တောပြုန်းတီးခြင်းများ အတွက် ထိခိုက်မှု အနည်းငယ်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၃	ဆင်းရဲသားတောင်သူ	မြင့် ☐ လတ်☑ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ်☑ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐

ရင်းမြစ်–ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိ ရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူငယ်များသည် ဧယား(၉)ပါ သတ်မှတ်ချက်များအရ ထိခိုက်မှုမရှိသော်လည်း မူးယစ်ဆေးဝါးအန္တရာယ် ကျရောက်ပါက ထိခိုက်မှု မြင့်မားနိုင်ပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ ဟောပြောပွဲများ ကျင်းပပြုလုပ်ပေးမည် ဆိုပါက အဆင်ပြေ သွားမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဧယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်ပရဟိတအဖွဲ့	၁ √ ၂ □ ၃ □	၁၀	-	၁၀	ပညာရေး □ ငွေကြေး√ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် √ ညံ့ □
၂	ဂေါပကအဖွဲ့	၁ □ ၂ □ ၃ √	၁၅	-	၁၅	ပညာရေး □ ငွေကြေး□ ကျန်းမာရေး □ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် √ ညံ့ □

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၃	အမျိုးသမီးအဖွဲ့	၁ □ ၂ √ ၃□	-	၁၀	၁၀	ပညာရေး □ ငွေကြေး□ ကျန်းမာရေး √ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် √ ညံ့ □
၄	မီးလင်းရေးကော်မတီအဖွဲ့	၁ √ ၂ □ ၃□	၁၂	-	၁၂	ပညာရေး □ ငွေကြေး √ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် √ ညံ့ □

ရင်းမြစ်–ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိ ရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း လူမှုဖွံ့ဖြိုးရေးအတွက် လုံခြုံရေးအတွက် မီးသတ်တပ်ဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့ ၊ ဘာသာရေးလုပ်ငန်းအတွက် ဂေါပကအဖွဲ့ နှင့် အမျိုးသမီးများ အတွက်လည်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းထားပါကြောင်း တွေ့ရှိပါသည်။

(က-၂)　　ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Pack Myanmar	၁☐ ၂√၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး √ ကျန်းမာရေး√ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး √
၂	BNK	၁☐ ၂√၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး √ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	စထာပါနာ	၁☐ ၂√၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး √ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	အာဆာမြန်မာ	၁☐ ၂√၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး √ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅	NONC	၁☐ ၂√၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး √ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆	ကိုရီးယား	၁☐ ၂√၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး √ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိ ရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။　　။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း (၆)ဖွဲ့ရှိပါသည်။ငွေကြေးချေးငှားရန် လူမှုရေး ၊ ကျန်းမာရေး စောင့်ရှောက်မှုများလည်း ကူညီ ပံ့ပိုးပါသည်။သို့သော် အတိုးနှုန်းနဲ့ အရင်းကို တစ်ပတ်တစ်ခါဖြစ်စေ ၊ (၁၄)တစ်ခါဖြစ်စေ ပေးရသော ချေးငွေ အမျိုးအစား ဖြစ်ပါသည်။သို့ဖြစ်ပါ၍ အတိုးနှုန်းသက်သာသော မြစိမ်းရောင်ချေးငွေကို ကျေးရွာသို့ ချေးငှားပေးပါ က အဆင်ပြေသွားမည်ဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၇၆	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၉	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၅၁	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၂	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၉၉**	☒

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စိုက်ပျိုးလယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စု (၁၂၃)စု ဖြစ်ပါသည်။တောင်သူကြီး အိမ်ထောင်စု (၂)စု ရှိပါသည်။ကျန်သည့်အိမ်ထောင်စုများသည် ရာသီဥတု မမှန်၍ သီးနှံစျေးကောင်းလျှင် အရှုံးမရှိပဲ ၊ ရာသီဥတုမမှန်လျှင် ကြွေးမီးတင်ခံရပါသည်။ထို့ကြောင့် တောင်သူ လယ်သမားများအတွက် ရေဝင်ရေထွက်ကောင်းရန်အတွက် ဆည်မြောင်းများ ပြုပြင်ရန် အတွက် စက်ယန္တရားများ ငှားရမ်းမည်ဆိုပါက အဆင်ပြေသွားမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)
၁	ဆည်	၄၀	တစ်နှစ်ပတ်လုံး□ရာသီအလိုက်√	ရှိ√ မရှိ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□ မရှိ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□ မရှိ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□ မရှိ□
၅	အဝီစိတွင်း	၅၃	တစ်နှစ်ပတ်လုံး√ ရာသီအလိုက်□	ရှိ√ မရှိ□
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□ မရှိ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□ မရှိ□
၈	ချောင်းရေ	၃၀၀	တစ်နှစ်ပတ်လုံး□ရာသီအလိုက်√	ရှိ√ မရှိ□

ရင်းမြစ်-(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု ၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သော ရွာဖြစ်သည့် အလျောက် ဆည်ရေသောက်ကေ (၄၀)ခန့်ရှိပါသည်။ အဝီစိတွင်းမှ စက်စုပ်သောက်ကေ (၅၃)ကေ ရှိပါသည်။ချောင်းရေမှ (၃၀၀)ကေခန့်ထုရှိ၍ အဆိုပါလယ်မြေများသည် ရာသီဥတုကောင်းမှ တစ်နှစ်ပတ်လုံးအဆင်ပြေပါသည်။မိုးခေါင်သည့်နှစ်များတွင်(၃၄၀)ကေသည် နွားကျောင်း စားကျက် ဖြစ်သွားပါသည်။ထို့ကြောင့် တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ရန်အတွက် ဆည်မြောင်းများ ပြုပြင် တူးဖော်ပေးခြင်း ၊ ချောင်းများ ဘောင်တင် လုပ်ဆောင်ပေးရန်အတွက် စက်ယန္တရားများ

လိုအပ်သောကြောင့် ၄ားရမ်း ပေးမည်ဆိုပါက အဆင်ပြေမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၃၉၃	တင်း	၅၀	၇၅	၆၀	ဇူ	နို	မြင့်□ လတ်ဂနိမ့်□	မြင့်□ လတ်ဂနိမ့်□
နှမ်း	၂၀၀	တင်း	၉	၁၆	၁၂	မေ	ဇူ	မြင့်□ လတ်ဂနိမ့်□	မြင့်□ လတ်□နိမ့်ဂ
မတ်ပဲ	၂၀၀	တင်း	၁၀	၁၅	၁၂	ဇန်	မတ်	မြင့်□ လတ်ဂနိမ့်□	မြင့်□ လတ်ဂနိမ့်□
ကြံ	၅၀	တန်	၂၁	၃၀	၂၅	ဇန်	ဇန်	မြင့်□ လတ်ဂနိမ့်□	မြင့်□ လတ်ဂနိမ့်□

ရင်းမြစ်– ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၌ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး ၊ ကြံ ၊ မတ်ပဲနှင့် နှမ်းသီးနှံတို့ဖြစ်ပါသည်။ကြံ ၊ စပါးနှင့် မတ်ပဲသီးနှံတို့သည် မျိုးများဝယ်ယူချိန်တွင် ဈေးကောင်းပေးရ၍ ပြန်ရောင်းချိန်တွင် သီးနှံဈေးမကောင်းပါ။ထို့ကြောင့် လယ်သမားများ အဆင်ပြေရန်အတွက် ဈေးကွက်ကောင်း ရရှိရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၁	-	-	၁၂၂
လက်တွန်းထွန်စက်	-	-	-	-
အစေ့ချ ကိရိယာ	-	-	-	-
ရိတ်သိမ်းခြေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြေလှေ့စက်	-	-	-	-
ရေစုပ်စက်	၁၆	-	-	၁၀၆
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၁၃	-	-	၁၀၉

ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ထွန်စက် (၁)စီး ၊ ရေစုပ်စက် (၁၆)လုံးနှင့် မြက်ရိုက်စက် (၁၃)လုံးတို့ရှိပါသည်။ရေစုပ်စက်နှင့်မြက်ရိုက်စက်တို့မှာ တောင်သူလယ်သမား သုံးစွဲသူဦးရေနှင့် လည်ပတ်သော်လည်း ထွန်ယက်စိုက်ပျိုးသောအချိန်တွင် ထွန်စက် (၁)စီးတည်းဖြင့် တောင်သူများ အတွက်မလုံလောက်ပါ ။ထို့ကြောင့် လယ်သမားများအချိန်အခါမှီ စိုက်ပျိုးနိုင်ရန်အတွက် စက်မှု လယ်ယာမှ ထွန်စက်များ အရစ်ကျ ရောင်းချပေးမည်ဆိုပါက အဆင်ပြေသွားမည်ဖြစ်ကြောင်း တွေ့ရှိရပါ သည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ✓
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ✓
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✓
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✓
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်✓
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✓
နည်းပညာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✓
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ✓

ရင်းမြစ်– (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တောင်သူများ၏ အဓိကလိုအပ်ချက်အဖြစ် ရာသီဥတု ကောင်းမွန်၍ စိုက်ပျိုးရေး အရင်းအမြစ်များ လိုအပ်ပါသည်။သို့ဖြစ်ပါ၍သီးနှံများ အထွက်နှုန်း တိုးစေရန်အတွက် ဓာတုဆေးဝါးများ နှင့် အတိုးနှုန်း သက်သာသော ချေးငွေ ရရှိမှုများ သီးနှံ မျိုးကောင်း မျိုးသန့်များ လိုအပ်ပါကြောင်း တွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။
သဘာဝ ရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်√
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ √ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် √ လုံးဝမရ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် √လုံးဝမရ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် √ လုံးဝမရ ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် √ လုံးဝမရ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် √လုံးဝမရ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် √ လုံးဝမရ ☐
နည်းပညာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် √ လုံးဝမရ ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ √ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ√ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ်-(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ အဓိကပြဿနာမှာ စိုက်ပျိုးရေးလုပ်ကိုင်ခြင်းအတွက် ရာသီဥတုမမှန်ခြင်းတို့ ဖြစ်ပါသည်။သို့ဖြစ်ပါ၍ ရာသီဥတုမမှန်ကန်၍ သီးနှံများအထွက်ကောင်းပါက တောင်သူများအတွက် အဆင်ပြေသွားမည်ဖြစ်ကြောင်း တွေ့ရှိရပါသည် ။

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၆၅	၁၄၇
နို့စားနွား	၁	၄
ကျွဲ	-	-
မြင်း	၄	၄
မြည်း	-	-
လား	-	-
ဆိတ်	၅	၉၈
သိုး	-	-
ဝက်	၂၄	၃၈
ကြက်	၁၀၅	၉၉၀
ဘဲ	၂	၁၄
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ လယ်သမားအုပ်စု။

